ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်( ၁ /၂၀၁၇)

၁၃၇၉ ခု ၊ ဝါဆိုလဆုတ် ( ၂ ) ရက်

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်

**ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့်ကုမ္ပဏီများ မတည်ငွေရင်းတိုးမြှင့်နိုင်ရန် အတွက် အများပြည်သူသို့ အစုရှယ်ယာဖိတ်ခေါ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း(၁၃)၊ ပုဒ်မ၇၁(ခ)ပါပြဋ္ဌာန်းချက်နှင့်အညီ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့်ကုမ္ပဏီများ မတည်ငွေရင်းတိုးမြှင့်နိုင်ရန်အတွက် အများပြည်သူသို့ အစုရှယ်ယာများဖိတ်ခေါ်ရာတွင် လိုက်နာဆောင်ရွက်ကြရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီသည် မတည်ငွေရင်းတိုးမြှင့်နိုင်ရန် အတွက် အများပြည်သူသို့ အစုရှယ်ယာများဖိတ်ခေါ်ရာတွင် အောက်ပါအချက်များနှင့် ကိုက်ညီပြီးဖြစ်ပါက အပိုဒ်(၂) နှင့် (၃) ပါအတိုင်း ဆောင်ရွက်ရမည် -

(က) တစ်နှစ်အတွင်း စဉ်ဆက်မပြတ်ထုတ်ဖော်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များနှင့်အညီ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သို့ နှစ်စဉ်အစီရင်ခံစာ တင်ပြပြီးဖြစ်ခြင်း။

(ခ) စာရင်းဝင်ကုမ္ပဏီ၏ ဈေးကွက်ပေါက်ဈေးတန်ဖိုး (Market Capitalization) ပမာဏသည် ကျပ်ငွေ ၆၀ ဘီလီယံအထက် ကျော်လွန်ခြင်း။

၂။ စာရင်းဝင်ကုမ္ပဏီသည် အများပြည်သူသို့ အစုရှယ်ယာဖိတ်ခေါ်ရန်အတွက် အလားအလာ ညွှန်းတမ်းပြုစုရာတွင် ကုမ္ပဏီမှနောက်ဆုံးတင်ပြခဲ့သည့် နှစ်စဉ်အစီရင်ခံစာနှင့် ယင်းနှင့်အတူ ပူးတွဲ တင်ပြခဲ့သည့် အထောက်အထားစာရွက်စာတမ်းများ၊ နှစ်စဉ်အစီရင်ခံစာ တင်ပြပြီး နောက်ပိုင်းတွင် တင်ပြခဲ့သည့် နှစ်ဝက်အစီရင်ခံစာနှင့် အထူးအစီရင်ခံစာများ၊ ယင်းအစီရင်ခံစာများအပေါ် ပြင်ဆင်တင်ပြချက်များ (နောင်တွင် ရည်ညွှန်းစာရွက်စာတမ်းများဟု ခေါ်တွင်စေရမည်) တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅) အပိုဒ် ၅(က)၏ အပိုဒ်ခွဲ (၄)(၅)(၆)(၇) နှင့် (၈)တို့ပါအချက်များကို ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ပါက ၎င်းတို့ကို ထပ်မံထည့်သွင်းဖော်ပြရန် မလိုအပ်ပါ။

၃။ အလားအလာညွှန်းတမ်းကို တင်ပြရာတွင် နှစ်စဉ်အစီရင်ခံစာ တင်ပြခဲ့ပြီးသည့် နောက်ပိုင်း ပေါ်ပေါက်ခဲ့သည့် ကိစ္စရပ်များကို တင်ပြရမည်။

၄။ စာရင်းဝင်ကုမ္ပဏီသည် မတည်ငွေရင်းတိုးမြှင့်ရန်အတွက် အများပြည်သူသို့ အစုရှယ်ယာများ ဖိတ်ခေါ်ရာတွင် ဤအမိန့်ကြော်ငြာစာ၏ အပိုဒ်(၁) ပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ညွှန်ကြားချက်အမှတ် (၅/၂၀၁၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အလားအလာညွှန်းတမ်းပုံစံ (က) (သို့မဟုတ်) ပုံစံ(ခ) ဖြင့် ကော်မရှင်သို့ ကြိုတင် တင်ပြအတည်ပြုချက်ရယူရမည်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ ကော်မရှင်/ဈေးကွက်ကြီးကြပ်/ ၁၁၀၁ /၂၀၁၇
ရက်စွဲ ၊၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၀ ရက်

**ဖြန့်ဝေခြင်း**

၁။ ရန်ကုန်စတော့အိပ်ချိန်း

၂။ စာရင်းဝင်ကုမ္ပဏီများ

(က) First Myanmar Investment Co.,Ltd (FMI)

(ခ) Myanmar Thilawa SEZ Holding Public Ltd(MTSH)

(ဂ) Myanmar Citizens Bank Ltd (MCB)

(ဃ) First Private Bank Ltd (FPB)

မိတ္တူကို

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန